


ဟောကြားသူ၊
ဥက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန်

# ဖေးမကယ်တင်ရမည့် ကျွန်ုပ်တို့တာဝန်

ကျွန်တော်တို့ နောက်ပိုင်းကာလ သူတော်စင်များဟာ အသင်းတော်ရဲ့ သွန်သင်ချက်လမ်းနဲ့ လွဲနေတဲ့ညီအကို မောင်နမအားလုံးကို ဖေးမကယ်တင်ရမည့်တာဝန်ရှိပြီး၊ ၎င်းတာဝန်ဟာ အင်မတန်အရေးကြီးပါတယ်။ တစ်ချိန်က ဧဝံဂေလိတရားတော်ကို လက်ခံခဲ့ပေမယ့် ယခုအခါမှာ လမ်းလွဲနေတဲ့သူ တွေကို သင်သိပါသလား။ သင်နဲ့ ဆပ်ဆိုင်သောသူ အဲဒီလိုအခြေအနေမှာ ရှိနေမယ်ဆိုရင် သူတို့ကို ဖေးမကယ်တင်ရမယ့်တာဝန် ရှိတယ်မဟုတ်ဘူးလား။

အသက်အရွယ် အိုမင်းကြီးရင့်လာခြင်း၊ မှဆိုးမအဖြစ်ကျန်ရစ်နေခြင်းနဲ့၊ ဖျားနာမှုများကြောင့် သူတစ်ပါးအလယ် မပါဝင်ခဲ့ရတဲ့သူတွေကိုပဲ စဉ်းစားကြည့်ပါ။ သူတို့ရဲ့ ဘဝတွေဟာ အများရဲ့ပြစ်ပယ်ခြင်းကိုခံရပြီး၊ အထီးကျန်စွာ ဘဝကိုနေ့စဉ်နဲ့ အမျှရင်ဆိုင်နေရကြပါတယ်။ ငယ်ရွယ်မှုအသက်တာကုန်ဆုံးကာ ဖျားနာမှုနဲ့ ရင်ဆိုင်ကြုံတွေ့ရပြီး၊ ခွန်အားနည်း မျော်လင့်ချက်မဲ့ နေစဉ်မှာပင်၊ အခြားသူများရဲ့ ကူညီဖေးမမှုနဲ့ စာနာထောက်ထားမှုများအားဖြင့် ၎င်းခက်ခဲမှုများကို ကျော်လွှားနိုင်ပါတယ်။

သူတစ်ပါးရဲ့ အကူအညီကို လိုအပ်တဲ့သူဆိုတာတော့ အမြဲရှိနေမှာပါ။ တစ်ချို့ကတော့ အပြစ်နွံထဲနစ်နေတတ်ပြီး၊ တစ်ချို့ကတော့ ငြိမ်သက်ခြင်းမဲ့တဲ့ ဘဝမှာ အသက်ရှင်နေတတ်ပါတယ်။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်စေ၊ ထိုသူတို့ဟာ အသင်းတော်နဲ့ အဆက်အသွယ်ဖြတ်ပြီး မိမိဖာသာ အသက်ရှင်နေတတ်ပါတယ်။ အသင်းတော်မှာ တက်ကြွစွာပါဝင်နေသူများရဲ့ အကူအညီမပါရင်တော့ သူတို့ရဲ့ဘဝဟာ အသင်းတော်နဲ့ တစ်သက်သုံးလုံးဝေးကွာကြမယ် ဆိုတာအသေအချာပါပဲ။

## လမ်းပြပေးမယ့် သူတစ်ဦး

လွန်ခဲ့တဲ့ နှစ်တစ်ချို့က အသင်းတော်နဲ့ ဝေးကွာသွားတဲ့ သူတစ်ဦးထံက စာတစ်စောင်ရရှိခဲ့ပါတယ်။ အဲဒီစာကတော့ အသင်းသားအများစုကို ရည်ညွှန်းထားပါတယ်။ မိမိဘယ်လိုအကြောင်းကြောင့် အသင်းတော်ကို စွန့်ခွာသွားခဲ့တာကို ရှင်းပြပြီးနောက်မှာ ထိုသူက ..

"တစ်ချိန်တုန်းကများစွာပိုင်ဆိုင်ခဲ့ပေမယ့် အခုတော့ အနည်းငယ်သာ ရှိပါတော့တယ်။ အရာရာတိုင်းကို ရှုံးနိမ့်ပြီး တစ်ခါမှ ပျော်တယ်လို့ မရှိခဲ့ပါဘူး။ ဧဝံဂေလိတရားတော်ကို ကျွန်တော် မလိုက်လျောက်နိုင်တော့ ပေမယ့် နလုံးသား ထဲမှာတော့ ရှိပါသေးတယ်။ ဆုတောင်းပြီးကူညီပေးကြပါ။

"နောက်ပိုင်းကာလသူတော်စင် များရဲ့ ပျောက်သောသိုးတွေဖြစ်တဲ့ ကျွန်တော်တို့ကို မမေ့ပါနဲ့။ အသင်းတော်ဘယ်မှာလဲဆိုတာကို ကျွန်တော်သိပါတယ်။ သို့တိုင်အောင် တစ်ခါတလေမှာ ဘုရားကျောင်းရောက်နိုင်ဖို့ သူတစ်ပါးရဲ့ အကူအညီ၊ လမ်းပြမှုနဲ့ သူတို့ရဲ့ သက်သေခံချက်လိုတယ်လို့ ခံစားမိပါတယ်။" လို့ရေးသားခဲ့ပါတယ်။

ဒီစာကိုဖတ်နေချိန်မှာ တစ်ခါက အင်္ဂလန်နိုင်ငံမှာ ရှိတဲ့ ကမ္ဘာကျော် ပြတိုက်ဖြစ်တဲ့၊ ဗက်တိုးရီးယားနဲ့ အယ်ဘတ်ပြတိုက်ကို ရောက်ခဲ့တဲ့အချိန်ကိုပြန်သတိရမိပါတယ်။ အဲဒီနေရာကတော့ အနုပညာပြတိုက်ဖြစ်ပါတယ်။ အဲဒီနေရာမှာ အထူးတလည်ဘောင်ခတ်ပြီး ပြသထားတာကတော့ ၁၈၃၁ ခုနှစ် က ဂျိုးဇက် မယ်လော့ ရဲ့ လက်ရာမြောက်ပန်းချီပါပဲ။ ပန်းချီကတော့၊ ထူထပ်မှောင်မည်းနေတဲ့ တိမ်တိုက်နဲ့ အင်မတန်ထိတ်လန့်စရာကောင်းတဲ့ လေပြင်းမုန်တိုင်းကို ဖေါ်ပြထားပါတယ်။ ဘောင်တင် နေတဲ့ သင်္ဘောကလာတဲ့ မီးအလင်းကိုလဲ မှိန်ပျပျတွေ့ရပါတယ်။ ပန်းချီကားရဲ့ အောက်ပိုင်းမှာတော့၊ ကြီးမားတဲ့ရေလှိုင်းရဲ့ ပုတ်ခတ်မှုကိုခံတဲ့ အသက်ကယ်လှေ တစ်ခုရှိပါတယ်။ မုန်တိုင်းကြောင့်ဘောင်ခတ်နေတဲ့အကြားမှာ လှေသားတွေက အားယူပြီးလှော်နေပါတယ်။ ကမ်းခြေမှာတော့ ဇနီးသည်နဲ့ ကလေးနှစ်ယောက် အဝတ်စွဲဆိုပြီး ရပ်နေတာကို ပုံဖေါ်ထားပါတယ်။ သူတို့တွေကို ပင်လယ်ဘက်ကို အစိုးရိမ်တကြီးကြည့်မျှော်နေကြပါတယ်။ အဲဒီမြင်ကွင်းပန်းချီကားကို ကြည့်နေစဉ်မှာ ကျွန်တော့် စိတ်ထဲမြင်ကွင်းကို အတိုချုံးခေါ်လိုက်တာကတော့ ဖေးမကယ်ဆယ်သူ ဖြစ်ပါတယ်။[၁]

ဘဝမုန်တိုင်းဒဏ်တွေကြားမှာ တော့ အန္တရာယ်တွေများစွာရှိနေပါတယ်။ ယောက်ျားမိန်းမ ကလေးသူငယ်များဟာ ပျက်စီးခြင်းလမ်းပေါ်မှာ ဘောင်တင်နေတတ်ကြပါတယ်။ ဖေးမကယ်ဆယ် သူများအဖြစ်၊ မိမိတို့ရဲ့ ဖိမ်ကျနေတဲ့ဘဝကို စွန့်ပြီး သူတို့ကို ဘယ်သူကယ်တင်ကြမလဲ။

ကျွန်တော်တို့တာဝန် ဟာ မဖြစ်နိုင်လောက်အောင်မခက်ခဲပါဘူး။ ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့ စေရာကို ပြုနေကြတာကြောင့် သူကိုယ်တိုင် ကူညီမှာ ဖြစ်ပါတယ်။

ခရစ်တော်ရဲ့ သာသနာခရီးအတွင်းမှာ "လူကိုများသော တံငါတည်ဖြစ်စေမည်" ဆိုတဲ့ခေါ်သံနဲ့ အတူ ဂါလိလဲမှာရှိတဲ့တံငါတည်တွေကိုသူ့နောက်လိုက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။[၂] ကျွန်တော်တို့ ပြုနိုင်သမျှနဲ့ ကူညီဖို့ရန်အတွက် လူကိုများသောတံငါတည်များအဖြစ်အမှုဆောင်ကြပါစို့။

ကျွန်တော့်တို့ရဲ့ တာဝန်ကတော့ ပျောက်သောသိုးတို့ကို ဘုရားသခင်ရဲ့ နူတ်ကပတ်တော်ကို သုံးဆောင်ပြီး၊ သန့်ရှင်းသောဂိညာဉ်တော်ရဲ့အတူပါရှိမှုကို ရဖို့ရန်၊ "သူစိမ်းများမဟုတ်ပဲ ဘုရားသခင်ရဲ့ အိမ်တော်သားများဖြစ်ဖို့ရန်" ဖေးမကယ်ဆယ်ရမှာ ဖြစ်ပါတယ်။ [၃]

## ချစ်ခြင်းမေတ္တာတရား

သိုးခြံထဲသို့ပြန်ဝင်ပြီး စိတ်သဘောထား၊ အကျင့်နဲ့ စာရိတ္တကိုပြုပြင်ပေးနိုင်တဲ့အခြေခံအချက်နှစ်ချက်ကို ကျွန်တော်တွေ့ရှိထားပါတယ်။ ပထမ တစ်ချက်ကတော့၊ လူတစ်ချို့ဟာ တစ်စုံတစ်ဦးက မိမိရဲ့ ထာဝရပန်းတိုင်

ကို ညွှန်ပြပြီး အဲဒီကို ရောက်ဖို့ရန် စိတ်ဆုံးဖြတ်လိုက်တဲ့အတွက် သိုးခြံထဲ ပြန်ရောက်လာပါတယ်။ အသင်းတော်ရဲ့ ပျောက်သောသိုးတွေဟာ မိမိတို့ရဲ့ ထာဝရပန်းတိုင်ဟာ လက်တစ်လှမ်းမှာ ရှိနေပါလားဆိုတာကို သဘောပေါက်တဲ့အခါ၊ တက်တက်ကြွကြွပါဝင်လိုစိတ် ပြန်ဝင်လာပါတယ်။

ဒုတိယအချက်ကတော့၊ ပျောက်သောသိုးတစ်ချို့ဟာ အခြားသူများက "ဘုရားသခင်ရဲ့ အိမ်တော်သားများအနေနဲ့" သခင့်ရဲ့ သွန်သင်ချက်များကို လိုက်လျှောက်ပြီးပုံသက်သေပြသခြင်းကြောင့်လည်းကောင်း၊ ထိုသူတို့ရဲ့ သူတစ်ပါးအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာကြောင့်လည်းကောင်း၊ သူတစ်ပါးအား မိမိတို့ရဲ့ ရည်မှန်းချက်များကို ဖြည့်စွက်နိုင်ရန်ကူညီခြင်းကြောင့်လည်းကောင်း၊[4] သိုးခြံထဲကို ပြန်ဝင်လာပါတယ်။

ဒီအရာအားလုံးရဲ့ အစကတော့ မေတ္တာတရားပဲဖြစ်ပါတယ်။

အမှန်တကယ်အားဖြင့်ကြည့်မယ်ဆိုရင်၊ အဲဒီပန်းချီကားထဲက သူတွေဟာ၊ သူတစ်ပါးရဲ့ ဖေးမကယ်တင်မှုကို စောင့်နေတဲ့ အသင်းတော်ရဲ့ ပျောက်သောသိုးတွေလိုပါပဲ။ အကူညီကို သူတို့တောင့်တနေကြပါတယ်။ မိခင် ဖခင်များကလည်း သူတို့ရဲ့ သား သမီးတွေဆိုတောင်းကြရတယ်။ ပျောက်သောသိုးဖြစ်နေတဲ့ ခင်ပွန်းသည်များအတွက်လည်း ဇနီးများက ဆုတောင်းကြရတယ်။ တခါတလေကြတော့လည်း သားသမီးများက မိဘတွေအတွက်ဆုတောင်းကြရပြန်တယ်။

သင်းတော်ရဲ့ ပျောက်သောသိုးတွေကို ခရစ်တော်ရဲ့ ဧဝံဂေလိတရားတော်ထံကို ပြန်လည်ခေါ်ဆောင်လာပြီး၊ တဖန်ပြန်လည်၍ နိုင်ငံတော်သားများဖြစ်လာရန်အတွက် ကျွန်တော်တို့တွေ ဂံသာနုစိတ်ထားနိုင်ကြပါစေလို့ ဆုတောင်းမိပါတယ်။

ကျွန်တော်တို့နဲ့စပ်ဆိုင်သော ပျောက်သောသိုးများ၊ လူကြီးသူမများ၊ မုဆိုးမများ၊ ဖျားနာသူများ၊ မသန်စွမ်းသူများ နှင့်၊ ပညတ်တော်ကို မလိုက်လျှောက်သောသူများကို ကျွန်တော်တို့ ဖေးမကူညီကြပါစို့။ ကူညီသော လက်များ၊ စာနာတတ်သောနှလုံးသားများနဲ့ သူတို့ကို လက်ကမ်းကြိုဆိုကြပါစို့။ ထိုသို့ပြုမယ်ဆိုရင် ဖြင့်၊ ထိုသူတို့အတွက် ဂမ်းမြောက်ခြင်းကို ဖြစ်စေပြီး ၊ သူတစ်ပါးကို ထာဝရအသက် လမ်းပေါ်လျှောက်ရန် ကူညီခြင်းမှလာတဲ့ ဂမ်းမြောက်ခြင်းကိုလည်း ကျွန်တော်တို့ ခံစားရမှာ ဖြစ်ပါတယ်။

**မှတ်ချက်**

၁။ ပန်းချီကားရဲ့အကြောင်းကို *Life-Boat and Manby Apparatus Going Off to a Stranded Vessel Making Signal (Blue Lights) of Distress.* ဆိုတဲ့ စာအုပ်မှာဖတ်ရှုနိုင်ပါတယ်။

၂။ မဿဲ ၄း၁၉။

၃။ ဖေက်သြဂါဒစာ ၂း၁၉။

၄။ မဿဲ ၂၂း၃၉ ကို ကြည့်ပါ။

## ဤ သတင်းစကားမှ သင်ကြားခြင်း

သင်မိသသဟာရပြုရာတွင် အသင်းတော်ကို မတက်ရောက်နိုင်သူများကို သိပါသလားဆိုပြီး မေးပါ။ ထိုသို့သော သူတို့ကို မည်သို့ မေတ္တာပြရမည်ကိုလည်း သင်ကြားပေးပါ။ ဥပမာအားဖြင့် မိမိအိမ်သို့ အလည်လာရန်ရန် (သို့မဟုတ်) ထမင်းစားဖိတ်ခေါ်ခြင်းဖြင့် ဘုရားကျောင်းမတက်နိုင်သူများကို မိသသဟာရပြု ကူညီနိုင်ပါတယ်။

## လူငယ်ကဏ္ဍ

## ဂျင်ရဲ့လက်ဆောင်

စာရေးသူ ဂျိုဇီ အက်စ် ကီးပက်

အထက်တန်းကျောင်းစတက်တဲ့ အချိန်တုန်းက မှားယွင်းတဲ့ရွေးချယ်မှုများစွာပြုခဲ့မိပါတယ်။ အဲဒီ ရွေးချယ်မှုတွေက ကြီးမားတဲ့ အကျိုးဆက်တွေဖြစ်စေခဲ့ပြီး၊ ကျွန်တော့်အသက်တာ မပျော်မရွှင်ဖြစ်ခဲ့ရပါတယ်။ ဒါနဲ့နွေကျောင်းပိတ်ရက် မှာ ပြန်လည်ပြုပြင်မှုတွေပြုဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။ ကျောင်းပြန်တက်တော့ ခါတိုင်းလို သူငယ်ချင်းဟောင်းတွေနဲ့ ပြန်လည် မဆုံဖြစ်အောင် နေ့လည်စာစားတိုင်းမှာ ခန်းမဆောင် (သို့) ရေအိမ်သာသို့ သွားရာလမ်းမှာပဲ စားခဲ့ပါတယ်။

အဲဒီလို အချိန်မှာ တကယ်ပဲ အထီးကျန်စွာခံစားရပါတယ်။

နောက်မှာတော့ ဘုရားသခင်က ကျွန်တော့်ကို လက်ဆောင်တစ်ခု ပေးတယ်။ ဂျင်နဲ့ ဆုံတွေ့ခွင့်ကို ဘုရားကပေးခဲ့တယ်။ ကျွန်တော်ပြုခဲ့တဲ့ အမှားတွေအတွက် သူမ တစ်ခါမျှ အပြစ်မဆိုခဲ့ပဲ၊ ဆက်လက်ပြီး ရှေ့ကို လျှောက်ရန်သာ အားပေးတိုက်တွန်းခဲ့ပါတယ်။ သူမနဲ့ အတူကျောင်းမှာ အမြဲ ဆုံရမယ်ဆိုတာကို တွေးပြီး နေ့စဉ် ကျမ်းစာဖတ် ဆုတောင်းမှုကို ကျွန်တော်အခါခါ ပြုခဲ့ပါတယ်။ အထက်တန်းပြီးခါနီးမှာတော့ ကျွန်တော် တကယ်ပဲအသက်တာအသစ်မှာ လျှောက်လှမ်းဖို့အဆင်သင့်ဖြစ်ခဲ့ပါတယ်။

တကယ်လို့များ ဂျင်နဲ့ မတွေ့ခဲ့ရင် ဒီနေ့ကျွန်တော့်သက်တာ ဘယ်နေရာမှာ များရောက်နေပါမလဲလို့ တွေးမိပါတယ်။ သူမရဲ့ အကူအညီမပါခဲ့ရင် ကျွန်တော် အခုလိုအကျင့်ကောင်း အဖော်ကောင်းကို ပြုနေနိုင်ပါ့မလား။ ကံကောင်းထောက်မစွာပါပဲ ကျွန်တော့်ကို အဖက်ဖက်က ကူညီဖို့ စိတ်ပါလက် ပါသူ မကူညီခဲ့ပါတယ်။

ဤစာရေးသူသည် အမေရိကန်ပြည်ထောင်စု၊ ယူတပြည်နယ်တွင် နေထိုင်ပါသည်။

## ကလေးများကဏ္ဍ

## ဖေးမကူညီနိုင်သည့်နည်းလမ်းများ

သက်ကြီးရွယ်အို၊ မုဆိုးမများ၊ ဖျားနာသူများ၊ ပျောက်သောသိုးများနှင့်၊ အကူအညီလိုအပ် သူများကို ကျွန်တော်တို့ လက်ကမ်းကြိုဆိုရမယ်လို့ ဥက္ကဋ္ဌ အသာမစ် အက်စ် မွန်ဆွန်က သွန်သင်ခဲ့ပါတယ်။ သင့်ရဲ့အကူညီကို လိုအပ်တဲ့ သူဘယ်သူရှိလဲ ဆိုတာစဉ်းစားကြည့်ပါ။

ထိုသူတို့ကို ဘယ်လိုကူညီနိုင်မလဲ ဆိုတာနဲ့ ပါတ်သက်တဲ့ အကြံဉာဏ်တွေကို ချရေးပါ။ အကြံဉာဏ်နဲ့ ပါတ်သက်ပြီး မိဘတွေထံက အကြံပေး ချက်ယူလို့လည်းရပါတယ်။ သူတို့အကြံပေးတဲ့ ထဲက တစ်ခုကို ကျင့်သုံးကြည့်ပါ။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။
ဘာသာပြန်ခွင့်ပြုချက် 6/12။ *First Presidency Message, October 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10670 256

# ယေရှုခရစ်တော်ရဲ့ ထူးမြတ်တဲ့သာသနာ-ဖန်ဆင်းရှင်

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာမှု

ဤ သင်ရိုးညွှန်းတမ်းပါ အရာများကို ဆုတောင်းခြင်းနှင့် အတူလေ့လာပြီး၊ အချိန်အခါသင့်ပါက၊ သင်မိသယာဟာရပြုသော ညီအမများနှင့်အတူ ဆွေးနွေးဝေငှပါ။ ဤအရာပါ မေးခွန်းများကို အသုံးပြုပြီး ညီအမများကို ခွန်အားပေးပါ။ ထို့အပြင်ဤ မေးခွန်းများမေးခြင်းဖြင့် အမျိုးသမီးအဖွဲ့ကို သင့်ဘဝရဲ့ အရေးပါတဲ့ အခန်းတစ်ရပ် ဖြစ်ဖို့ရန် ဖန်တီးပါ။ ထပ်မံလေ့လာမှုများကို ပြုလိုပါက reliefsociety.lds.org ကိုကြည့်ရှုနိုင်ပါတယ်။

မိသာဟာရပြုသင်ကြားခြင်းတွင် အသုံးပြုရမည့် ကယ်တင်ရှင်၏ သာသနာများအနက်၊ ယခုသင်းခန်းစာသည် ပထမဆုံးဖြစ်သည်။

“ကောင်းကင် နှင့် မြေကြီးကို ယေရှုခရစ်တော် ဖန်ဆင်းခဲ့သည်။” (၃နီဖိုင်း ၉း၁၅)။ ကောင်းကင်ဘုံရှင်အဘရဲ့ ညွှန်ကြားမှုအောက်မှ ယဇ်ပုရောဟိတ်တန်ခိုးကို အသုံးပြုပြီး ခရစ်တော်က ဖန်ဆင်းခဲ့တာဖြစ်ပါတယ်။

“ဖန်ဆင်းရှင်က စနစ်တကျပုံဆွဲပြီး ကမ္ဘာမြေကြီးကို ဖန်ဆင်းပြီး ကျွန်တော်တို့တတွေကို နေထိုင်ခွင့်ပြု တာဘယ်လောက်တိုင် ကျေးဇူးတော်ချီးမွမ်းသင့် သလဲလို့” ဥက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန်က ဆိုထားပါတယ်။ “ ဒ့ါအပြင် ဤနေရာမှာ ကျွန်တော်တို့တစ်တွေ ဘဝ တစ်လျှောက်အစမ်းသပ်ခံပြီး တစ်နေ့ ဘုရားသခင်ရဲ့ အမွေတွေကို စံစားနိုင်ဖို့ရန် ကိုယ့်ကိုယ်ကို သက်သေပြခွင့်လည်းပေးထားပါတယ်လို့ ဆိုထားပါတယ်။”[၁] ဘုရားသခင်ရဲ့ ပညတ်တော်တွေကိုလိုက်လျောက်ပြီး နောင်တတရားရတဲ့အခါ ကျွန်တော်တို့ဟာ ဘုရားသခင်နဲ့ အတူနေထိုင်ရန် ထိုက်တန်သောသူများ ဖြစ်လာကြပါတယ်။

ဖန်ဆင်းခြင်းနဲ့ ပါတ်သက်ပြီး ပထမ ဥက္ကဋ္ဌအဖွဲ့ ရဲ့ ဒုတိယအကြံပေးပုဂ္ဂိုလ် ဖြစ်တဲ့ ဥက္ကဋ္ဌ ဒီ တာ ဥဒ္ဒေါ့ က ယခုလိုဆိုထာပါတယ်…

“ကျွန်တော်တို့ အတွက် ဘုရားသခင်က စကြာဝဠာ တစ်ခုလုံးကို ဖန်းဆင်းခဲ့တယ်။ …

“ဒါဟာ လူသားတွေအတွက်တော့ မစဉ်းစားရဲစရာပါပဲ။ ဘုရားသခင် နဲ့နှိုင်းယှဉ်ကြည့်ရင်လူသားဆိုတာ ဘာမှမဟုတ်ပေမယ်၊ ကျွန်တော်တို့ ဘုရားသခင်အတွက် အရာခပ်သိမ်းဖြစ်ပါတယ်။”[၂] ယေရှုခရစ်တော်က ဤကမ္ဘာမြေကြီးကိုကျွန်တော်တို့အတွက် ဖန်ဆင်းရခြင်းဟာကျွန်တော်တို့က ဘုရားသခင်အတွက် အရာခပ်သိမ်းဖြစ်လို့ ဆိုတာကို နားလည်မယ်ဆိုရင် ဘုရားသခင်ပေါ်ကို ပိုပြီး မေတ္တာထားတတ်လာမှာ ဖြစ်ပါတယ်။

## ကျမ်းပိုဒ်များမှ

ရှင်ယောဟန် ၁း၃၊ ဟေဗြဲ ၁း၁-၂၊ မိုဆိုင်းယား ၃း၈၊ မောရှေကျမ်း ၁း၃၀၊ ၃၅-၃၉။ အာဗြဟံ ကျမ်း ၃း၂၄-၂၅။

## ကျွန်ုပ်တို့၏ သမိုင်းကြောင်းမှ

လူဟာ ဘုရားသခင်ရဲ့ ပုံသဏ္ဌာန်နဲ့ အညီ ဖန်ဆင်းထားခြင်းဖြစ်ပါတယ် (မောရှေကျမ်း ၂း၂၆-၂၇ ကိုကြည့်ပါ)၊ ဒါကြောင့် ကျွန်တော်တို့မှာ ဘုရားကဲ့သို့သော အနာဂါတ်ရှိပါတယ်။ ပုရောဖက်ဂျိုးဇက်စမစ်က အသင်းတော် အမျိုးသမီးများကို “မိမိတို့ရဲ့ အကောင်းတကာ့ အကောင်းဆုံးအသက်တာကို အသက်ရှင်ဖို့ ဆိုထားပါတယ်။”[၃] အဲဒီ နိုးဆော်မှုပေါ် မှီခိုပြီး အသင်းတော်မှာ ရှိတဲ့ အမျိုးသမီးများဟာ ဘုရားသခင်ထားရှိထားတဲ့ သူတို့ရဲ့ပန်းတိုင်ကို ရောက်နိုင်ဖို့ရန် အသက်ရှင်ကြဖို့ ယေရှုခရစ်တော်ရဲ့ နောက်ပိုင်းကာလ သန့်ရှင်းသူများ အသင်းတော်က သွန်သင်ထားပါတယ်။ မိမိတို့ဟာ ဘုရားသခင်ရဲ့ သမီးများဖြစ်ကြောင်း နားလည်လာတဲ့အမျှ၊ မိမိတို့ရဲ့ မူလအရည်အသွေးဖြစ်တဲ့ မေတ္တာနဲ့ ပြုစုပျိုးထောင်တတ်သော သဘောသဘာဝများကြောင့်၊ သူတို့တွေဟာ မွန်မြတ်တဲ့ အမျိုးသမီးကောင်းတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။”[၄]

“သင်တို့လက်ရှိအခြေအနေဟာ ဘုရားသခင်ပေးထားတဲ့ စာနာထောက်ထားမှုကို အသုံးပြုလို့ရတဲ့ အခြေအနေဖြစ်တယ်” လို့ ပုရောဖက် ဂျိုးဇက်စမစ်က ဆိုထားပါတယ်။ “ဘုရားသခင်ပေးထားတဲ့ ဤမွန်မြတ်တဲ့တရားအတိုင်း အသက်ရှင်သွားမယ်ဆိုရင်ဖြင့်၊ ဤအထူးအခွင့်အလမ်းကို အသုံးချသွားမယ်ဆိုရင်ဖြင့်၊ ကောင်းကင်တမန်များရဲ့ အတူပါရှိမှုကို အဘယ်သူမျှ မတားနိုင်တော့ပါ” လို့လည်း ဆိုထားပါတယ်။[၅]

### မှတ်ချက်

၁။ သောမစ် အက်စ် မွန်ဆွန်၊ “*ဘဝရဲ့ ပန်းတိုင်၊*” လိုင်ယာဟိုးနား ၊ မေ ၂၀၁၂၊ ၉၁။

၂။ ဒီတာ အက်ဖ် ဥဒ္ဒေါ့၊ “*သင်ဟာ ကိုယ်တော့်အတွက် အရေးကြီးတယ်၊*” လိုင်ယာဟိုးနား၊ နိုဝင်ဘာလ၊ ၂၀၁၁၊၂၀။

၃။ ဂျိုးဇက် စမစ်၊ ငါ၏နိုင်ငံတော်၏ သမီးများ၊ အမျိုးသမီးများအဖွဲ့ နှင့် ၎င်း၏ စွမ်းဆောင်မှု သမိုင်း(၂၀၁၁)၊ ၁၇၁။ ကို ကြည့်ပါ။

၄။ ငါ၏ နိုင်ငံတော်၏ သမီးများ၊ ၁၇၁။

၅။ ဂျိုးဇက်စမစ်၊ ငါ၏နိုင်ငံတော်၏သမီးများ၊ ၁၆၉။

### ကျွန်ုပ်ဘာလုပ်နိုင်မည်နည်း။

၁။ ကျွန်တော်တို့မှာ ရှိတဲ့ ဘုရားကဲ့သို့သော အရည်အသွေးကို နားလည်ခြင်းက ကယ်တင်ရှင်အပေါ် ကျွန်တော်တို့ရဲ့ မေတ္တာကို ဘယ်တိုးပွါးစေပါသလဲ။

၂။ ဘုရားသခင်ရဲ့ ဖန်ဆင်းခြင်းကို ဘယ်လိုကျေးဇူးတော်ချီးမွမ်းနိုင်မလဲ။

© 2013 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/12။ ဘာသာပြန်ခွင့်ပြုချက် 6/12။ *Visiting Teaching Message, October 2013 အားဘာသာပြန်ဆိုခြင်း၊* Burmese 10670 256